# ဟေဒါ အလီယက်
# အဇာဘိုင်ဂျန်၏ မကြေသည့်ကြယ်

ဤစာအုပ်သည် ကော့ကေးဆပ်တောင်ပိုင်း၏ အစိတ်အပိုင်းအဖြစ် ကက်စပီယန်ပင်လယ်ကို မေတာင်နေသော၊ ဥရောပအရှေ့ပိုင်းနှင့် အာရှတိုက်အနောက်ပိုင်းတို့၏ နယ်သတ်တိုင်းပြည်ဖြစ်သော၊ ရုရှားဖက်ဒရေးရှင်း၏ အရှေ့တောင်ဘက်ရှိ အဇာဘိုင်ဂျန်နိုင်ငံ၏ သမ္မတ ဟေဒါ အလီယက်၏ အကြောင်း ဖြစ်သည်။

ဟေဒါအလီယက်ကို ဖခင် မီးရထားဝန်ထမ်း၊ မိခင် ရိုးရာအရုပ်သူ အိမ်ရှင်မတို့က မွေးဖွားခဲ့ပြီး လုံခြုံရေးဝန်ထမ်းဘဝမှသည် ဆိုဗီယက်ခေတ်၏ အဇာဘိုင်ဂျန် ကေဂျီဘီအဖြစ် နှစ်ပေါင်း သုံးဆယ်နီးပါး တာဝန်ထမ်းဆောင်ခဲ့သည်။ ထို့နောက် ဆိုဗီယက်ယူနီယံ ကွန်မြူနစ်ပါတီ ပေါ်လစ်ဗျူရိုအဖွဲ့ဝင်၊ ဆိုဗီယက်ပြည်ထောင်စု ဝန်ကြီးများကောင်စီ၏ ပထမ ဒုဥက္ကဋ္ဌ ရာထူးအထိ သူ တက်လှမ်းနိုင်ခဲ့သည်။ သို့သော် မစ်ခေးဂေါ်ဘာချော့ဗ်လက်ထက်၌ ဟေဒါအလီယက် "အရောကျ" ခဲ့သည်။

ဆိုဗီယက်ယူနီယံ ဇာတ်သိမ်းပြီး ဆိုဗီယက်လောင်းရိပ်အောက်မှ လွတ်လာခါစ အဇာဘိုင်ဂျန်သမ္မတ နိုင်ငံသည် တိုင်းပြည်ပြိုကွဲလုနီးနီး အခြေအနေသို့ ဆိုက်ရောက်သွားခဲ့သည်။ ထိုအချိန်တွင် အဇာဘိုင်ဂျန်ပြည်သူများက သူ့ကို လွတ်လပ်သော အဇာဘိုင်ဂျန်နိုင်ငံ၏ သမ္မတအဖြစ် ရွေးချယ် တင်မြှောက်ခဲ့ကြသည်။ သူသည် ဝါဒနှင့်အခြေခံအစား အမျိုးသားနိုင်ငံတော်အပေါ် အခြေပြုလျက် အဇာဘိုင်ဂျန် တည်ဆောက်ရေး ဟာမိုနီအဖြစ် စည်းချက်ကျကျ ပြောင်းလဲခဲ့သည်။

ဤစာအုပ်တွင် သမ္မတ ဟေဒါအလီ ယက်၏ နိုင်ငံရေးဖြတ်သန်းမှု၊ ဆိုဗီယက်ယူနီယံ ပြည်ထောင်စု ခေတ် ပွဲစည်းပုံနှင့် ဆောင်ရွက်ချက်များ၊ တစ်ပါတီစနစ်မှသည် ဒီမိုကရေစီသို့ အကူးအပြောင်း ကာလပေါင်းစုံမှ စိန်ခေါ်မှုများ၊ သဘာဝ သယံဇာတ ရောင်းချခြင်းနှင့် အနာဂတ်မျိုးဆက်အတွက် ချိန်ညှိပေးခဲ့ပုံ စသည်တို့ကို ပြည့်ပြည့်စုံစုံ၊ နက်နက်ရှိုင်းရှိုင်း ရေးသားဖော်ပြထားသည်။